# နှမ်ဂျာသိုင်း

## အလွမ်းတာဝန် ပန်းတာဝန်



Thein Myint Win Offset 96, 11 Street. Rangoon.

# အခန်း(၁)

အိမ်ပြန်ခက်အောင်
နွေလက်ဆောင်တွေ၊ ဝေခဲ့သူရယ်
သည်မယ် ကြည့်စမ်း ၊ ရွက်ကြွေလမ်းမှာ
ပန်းခြောက်လေးတွေ လေမှာလွင့်
အလွမ်းတပွင့် ပန်းတပွင့် . . . . .။

နွမ်ဂျာသိုင်း

ဒီနေ့မနက် နှင်းကျတာ ကြမ်းလိုက်တာ မီးရယ်။

အဆောင်က ထွက်လာစကနဲ့တောင် မတူတော့ဘူး တဖြည်းဖြည်းနဲ့ တက္ကသိုလ်နယ်မြေ တခုလုံး နှင်းခဲကြီးဖြစ်သွား တော့မလားတောင် အောက်မေ့ရတယ်။ အဖုံးအဆောင်း မရှိတဲ့ ကိုယ့်ခေါင်း တခုလုံးလဲ နှင်းစက်တွေ ဘယ်လောက် များနေပြီလဲ ဆိုတာတောင် မပြောတတ်တော့ဘူး။

သိတယ်မီး မကြာခင်ကိုယ် ဒုက္ခရောက်တော့ မှာပဲဆိုတာ၊ ဗေဒင်မကြည့်ပဲ တန်းတွက် လိုက်လို့ရတယ်။ ကြာလဲ သိပ်မကြာပါဘူး၊ ဟတ်ချိုး . . .ဟတ်ချိုးနဲ့ ကိုယ်နှာချေတော့တယ်။

တချိန်တည်းမှာပဲ ကိုယ့်အသက်ရှူ လမ်းကြောင်း အဝတခုလုံးနဲ့ မွန်းမွန်းကျပ်ကျပ် တင်းလာတယ်၊ ထုံးစံအတိုင်း ကိုယ်နှာစေးပြန်ပြီ။ ကိုယ်ပြုံးလိုက်မိတယ်။

တော်သေးတာပေါ့ . . .ခုနေမှာ မီးမရှိလို့ မီးများရှိယင် ကိုယ့်ကို ဆူလိုက် ပူလိုက်မယ့် အမျိုး . . . .

“အဲဒါကြောင့် မီးပြောတယ် မဟုတ်လား ကိုကို၊ နှင်းထဲ မိုးထဲသွားယင် အဆောင်မပါပဲ မသွားပါနဲ့လို့၊ သိုးမွှေး ခေါင်းစွပ်လေး တခု ဝယ်ဆောင် ပါလို့၊

ခုတော့ထိပြီ၊ ကောင်းတယ်၊ ကိုကို့ကို ပြောရတာ သိပ် လက်ဝင်တာပဲ၊ တော်ပြီ နောက်ကို ဘယ်တော့မှ ကိုကို့ကို စေတနာ မထားတော့ဘူး”

နှုတ်ခမ်းစူလိုက်၊ မျက်စောင်းထိုးလိုက်၊ ခြေဆောင့်လိုက်နဲ့ ကိုကိုချင်း မိုးမွှန်အောင် ရန်တွေ့မယ့် မီးရဲ့ချစ်စရာ ဟန်လေးတွေကို သတိရလိုက်တာ။

လွမ်းလို့ ကောင်းလိုက်တာ ကလေးရယ် . . . .ဒီလောက်အေးနေတဲ့ အချိန်မှာ တောင်ရင်ထဲ နွေးသွားတာပဲ။

သောကတွေ ဒေါသတွေ မပါပဲ အလွမ်း သက်သက်လေး လွမ်းရတာ မို့လား မသိဘူး၊ ရင်ထဲမှာ ကြည်နူးလိုက်တာ။ ကိုယ်ပြောတာ ဒါပဲ . . . မီး။

ချစ်တယ်ဆိုတာ ငိုဖို့ ဒေါသဖြစ်ဖို့ ကြေကွဲလောင်မြိုက်ဖို့မှ မဟုတ်ပဲ၊ အချစ်ကြောင့် ရင်ထဲမှာ လှပ်လှပ် ခုန်နေရမယ်၊ အမြဲနွေးထွေးနေ ရမယ်၊ အမြဲ ကြည်နူး လွမ်းဆွတ်နေ ရမယ် . . .

လွမ်းတယ်ဆိုတာ သန့်သန့်လေး ခံစားတတ်ယင် သိပ်ကောင်းတဲ့ အရသာလေး တခုပါ မီးရယ် . . .လောကမှာ အချစ်ကို တမ်းတပြီး လွမ်းရတယ် ဆိုတာ အလွယ်တကူ ပေါပေါပဲပဲ ရနိုင်တဲ့ အခွင့်အရေး မျိုးမှ မဟုတ်တာ။

လွမ်းဖို့အတွက် အစက သိပ်ချစ်ခဲ့ဖူးရမယ်၊ သန့်ရှင်းအေးမြစွာ လွမ်းနိုင်ဖို့အတွက် သိပ်ချစ် တုန်းကလဲ သန့်ရှင်း အေးမြစွာ ချစ်ခဲ့ဖူးရမယ်၊ အဆင်မသင့်လို့ ခွဲရမယ် ဆိုယင်လဲ ချစ်လျက်နဲ့ ခွဲခဲ့ရမယ်၊ ခွဲခဲ့ပြီးတဲ့ နောက်မှာလဲ အဝေးက ချစ်သူကို ဘယ်တော့မှ မမုန်းမမေ့ပဲ အမြဲတမ်း ယုယုတတလေး ချစ်မြဲချစ်နေရမယ်၊ ဒါမှလဲ လွမ်းလို့ ကောင်းမယ် . . . .

ကိုယ်ဆုတောင်း ပြည့်တယ်လို့ ခေါ်ရမှာပဲမီး . . .

မီးကို သိပ်ချစ်နေပြီ ဆိုကတည်းက ရင်ထဲမှာ ဆုတောင်းလေး တခုရှိခဲ့တယ်၊ အဲဒါက ဘာလဲဆိုတော့ မီးနဲ့ကံကောင်း အကြောင်းလှလို့

ပေါင်းရယင်လဲ ပျော်ရွှင်စွာ ပေါင်းရပါစေ၊ ကံမကောင်း အကြောင်းမလှလို့ မပေါင်းရယင်လဲ ကျေနပ်စွာ လွမ်းပါရစေ . . .လို့

ခု . . .ကိုယ်ကျေကျေနပ်နပ် လွမ်းနေပါတယ် မီး . . .

ကိုယ် လွမ်းနေယင်း ပိတ်လာတဲ့ နှာခေါင်းကြောင့် ဒီတသက်မှာ ကိုယ်နဲ့ ဘယ်တော့မှ မခွဲမခွာ ရှိနေပြီး၊ ကိုယ့် အသက်လိုပဲ ထိန်းသိမ်း စောင့်ရှောက်ရမယ့် အစိမ်းရောင် ဗစ်ထရီရှူ ဆေးဗူးလေးကို ဆွယ်တာ အိတ်ထဲက ထုတ်ယူလိုက်တယ် . . . .

မွှေးမွှေးရှရှ ရှူဆေးနံ့လေးက သိပ်ကျေးဇူးတင်ဖို့ ကောင်းတာပဲ။

ကျေးဇူးတင်ပါတယ် မီးရယ် . . .

မီးကျေးဇူးကြောင့် ကိုယ့်မှာ သက်သက်သာသာလေး လွမ်းရတာ ပေါ့။

အဓိပတိလမ်းမကြီးက အရှည်ကြီးပါ၊ ကိုယ်ကလဲ ခပ်ဖြည်းဖြည်းပဲ လျှောက်သွား မှာပဲ၊ မီးကို အကြာကြီး လွမ်းသွားလို့ ရတယ် . . .။

လွမ်းစရာ တွေကလဲ အများကြီး မဟုတ်လား မီး၊ မနေ့တနေ့ကမှ စခဲ့တဲ့ အဖြစ်မှ မဟုတ် ပဲ . . .။

*

ပြီးခဲ့ဇာတ်ကြောင်း၊ ပုံပြင်ဟောင်းကို လွမ်းကြောင်းဖွဲ့တယ်၊ အလွမ်းသည် . . လို့ ဘယ်သူ ဘယ်ဝါ၊ ဘယ်လိုမေးငေါ့ မမူတော့ဘူး . . . .

ချစ်တော့လွမ်းတယ် အသက်ရယ် . . .။

ဆိုတဲ့ မဂ္ဂဇင်း တစောင်မှာ ဖတ်ခဲ့ဖူးတဲ့ ကဗျာလေး တပုဒ်ထဲကလိုပဲ။ ပြီးခဲ့တာတွေ ခဏခဏ ပြန်တွေးပြီး သက်သက်မဲ့ အလွမ်းသည် လုပ်နေတာပါလို့ ပြောယင်လဲ ခံရုံသာ ရှိပါသည်။

မြတ်နိုးတွယ်တာဆုံး အရာတခုကို မတတ်သာစွာ စွန့်လွှတ်ပြီးသည့်နောက်ပိုင်း ကျွန်တော့် ဘဝတွင် ဆွေးမြည့်စွာ လွမ်းဆွတ်ခြင်း တခုသာ မက်မောတွယ်တာစရာ ကျန်ရှိခဲ့သည်မို့ တမ်းတစွာ သတိရခြင်းများသည် ကျွန်တော့် ဘဝအဖော် ဖြစ်ပါသည်။

နားလည်တတ်လျှင် ခွင့်လွှတ်နိုင်ပါလိမ့်မည်။

မီးနှင့်စတွေ့သော နေ့ရက်များသည် ကျွန်တော့် ဘဝအတွက်၊ ရင်အခုန်လှုပ်ရှားဆုံး နေ့များဟု ဆိုလျှင် မမှားပါ . . .။

လွမ်းပြီဆိုသည်နှင့် တိုရက်များကို ရှေ့ဦးထား၍ သတိရမိမှာ မုချမလွဲဖြစ်ပါ၏ ။

*

(၁)

ထိုအချိန်က တက္ကသိုလ်၏ ကျောင်းဖွင့်ရက် များသည် စက်တင်ဘာ တရက်နှင့် စက်တင်ဘာ ခုနစ်ရက်များ ဖြစ်သည်။

ကျောင်းတိုင်းလိုလိုပင် ဒုတိယနှစ်မှ အစပြုသော ကျောင်းသား ဟောင်းထန်း များကို စက်တင်ဘာ တရက်နေ့တွင် ဖွင့်ပြီး ပထမနှစ် မောင်မယ်သစ်လွင်များ အတွက် ကျောင်းဖွင့်ရက်သည် စက်တင်ဘာ ခုနစ်ရက်ဖြစ်၏ ။

ထိုနေ့က စက်တင်ဘာ ၅ ရက်။ စနေနေ့။ ထိုအချိန်က ကျောင်း၏ ထုံးစံအတိုင်း စနေနေ့ဆိုလျှင် အတန်း သိပ်မရှိတတ်။ ရှိသည့်တိုင် နေ့လည် ၁၁ နာရီ မထိုးခင်လောက်မှာ အတန်းတွေ ပြတ်သည်။ ကျွန်တော် တို့ ပထဝီ တတိယနှစ်မှာ တော့ စနေနေ့ မနက်ပိုင်း နှစ်ချိန်တက်ရသည်။

အတန်းပြီးချိန်တွင် တာဝန်လေး တခု ယူထား မိသည် ရှိသဖြင့် ရန်ကင်းဘက်သို့ ထွက်လာခဲ့၏ ။

တာဝန်က တခြားမဟုတ်၊ သည်နှစ် ဆယ်တန်းအောင်သော ကျွန်တော့် ဝမ်းကွဲ ညီမတယောက်နှင့် ညီတယောက်က တက္ကသိုလ် မတက်ရသေးခင် တက္ကသိုလ်က အကြောင်း နည်းနည်းပါးပါး ကြိုသိထားရန် ဟိုဟိုသည်သည် လိုက်ပြပါဟု ပူဆာထားသဖြင့် သူ့သွားခေါ်ပြီး တက္ကသိုလ် ပရဝုဏ်နှင့် မိတ်ဆက်ပေးရန် ဖြစ်သည်။

အမှန်ကတော့ သူတို့လည်း ကျောင်းဖွင့်ဖွင့်ချင်း ကျောင်းတက် ရသေးသည် မဟုတ်။ ငွေသွင်းရန် ကိစ္စတို့ မောင်မယ်သစ်လွင် ကြိုဆိုပွဲတို့ ဘာတို့ ညာတို့ လုပ်နေရသဖြင့် တပတ် နှစ်ပတ် သည်လိုပဲ ယောင်ယောင် ယောင်ယောင် နှင့် ပြီးသွားမည့် ကိစ္စ။

ထိုယောင်နေသည့် ရက်များတွင် ကျောင်းလာယင်းနှင့် ဟိုသည်

လိုက်ပြထား လိုက်လျှောင်လည်း တက္ကသိုလ်နှင့် ရင်းနှီး ကျွမ်းဝင်သွား နိုင်ပေသည်။ တကူးတက တခေါက်လာစရာ ပင်မလို။

သို့သော် ခက်သည်က ကျောင်းသား ကျောင်းသူ ဆိုတော့လည်း ကျောင်းသား ကျောင်းသူ စိတ်ပင်ရှိ၏ ။ ဆယ်တန်းဆိုသည့် မဟာတံတိုင်းကြီးကို နှစ်နှင့်ချီ၍ အတင်း ရုန်းကန်ကျော့ တက်လာခဲ့ရခြင်း၏ တခုတည်းသော ရည်ရွယ်ချက်မှာ တက္ကသိုလ် ရောက်ဖို့ပင် ဖြစ်ရာ ခုလို ကျောင်းတက်ခါနီး မပြောနှင့် တက္ကသိုလ် ဝင်ခွင့် မလျှောက်ခင် ဆယ်တန်းအောင် စာရင်း ကြည့်ပြီး ကတည်းက ဘယ်သူမဆို စားမဝင် အိပ်မပျော်နှင့် တက္ကသိုလ် အိပ်မက် ကြိုမတ်တတ်ကြသည်မှာ ထုံးစံ။

နောင် ကျောင်းတက်ပြီး လေးငါးခြောက်လ ကြာသည်နှင့် သူလိုငါလို ဖြစ်ပြီး ရိုးသားသော်လည်း ကျောင်းမတက် ခင်စပ်ကြားမှာတော့ တက္ကသိုလ် ဆိုသည်မှာ စိတ်ကူးနှင့် မှန်း လွမ်းနေရ၊ ပျော်နေရသည့် နတ်ဘုံ နတ်နန်းကြီး တခုပင် . . . .။

နယ်အဝေးကြီးက လာသူများ ထားတော့ နေ့တိုင်းလိုလို ကျူရှင်တက်ယင်း မြို့ထဲ သွားယင်း ဖြတ်သွား ဖြတ်လာ မြင်နေရသော ရန်ကုန်သူ ရန်ကုန်သားများပင် တကယ်တက္ကသိုလ် တက်ရမည့်ဆိုတော့၊ အလိုလိုနေယင်း ရင်ခုန်နေတတ်သည်။

အင်းလျားကန်တို့ ဘွဲ့နှင်းတဘင်တို့ သစ်ပုတ်ပင်တို့ ကံ့ကော်တောတို့ ထံသို့ ခုချက်ချင်း ပြေးဝင်းခိုလှုံချင်စိတ်ဖြင့် နေမရ ထိုင်မရ ဖြစ်တတ်သည်မှာလည်း ထုံးစံ။

ကလေးတွေသာ သည်လိုဖြစ်သည် မထင်နှင့်၊ သားသမီးကို ပွဲဦးထွက် တက္ကသိုလ်ပို့ရသော မိဘတွေလည်း ထိုအချိန်မှာ ခါတိုင်းလို ပုံမှန် အနေအထား၌ မရှိ။ တခြား မကြည့်နှင့် ကျွန်တော် ဦးလေးပင် အငြိမ်မနေနိုင်။

ခါတိုင်းလည်း ကျွန်တော် နယ်မှသာ၊ အဆောင်ဝင်ပြီး တာနှင့် ဦးလေးတို့အိမ် တခေါက်လောက် ရောက်တတ်သည်။ သိပ် ရောရောဝင်ဝင် စကားပြောတတ် တာမျိုးမရှိ။ ဘာလို သေးလဲကွ၊ ဘာညာတခွန်းစ နှစ်ခွန်းစသာ နှုတ်ဆက်သည်။ ကလေးတွေနှင့် သာ တောင်ပြော မြောက်ပြော ပြန်လာခဲ့ရသည်။

သည်နှစ် ကျွန်တော် ရောက်တော့ သည်လိုမဟုတ်၊ တခါမျှ မကြုံစဖူး၊ ထူးကဲ လှိုက်လှဲစွာ ကြိုဆိုသည့်အပြင် . . . .

"အတော်ပဲ မောင်အေးချမ်းရေ . . .၊ ဒီနှစ် မင်းညီမ သိင်္ဂီကော၊ မင်းညီ ဖိုးတိုးကော တက္ကသိုလ် တက်ရတော့မှာ ဆိုတော့ သူတို့ကျောင်းမဖွင့်ခင် တရက်လောက် အိမ်လာခဲ့ဦးကွာ၊ ပြီးတော့ နှစ်ယောက်စလုံး ခေါ်သွားပြီး ကျောင်းထဲ လိုက်ပြလိုက်စမ်းပါ၊ အစောကြီးထဲက မင်းကို မျှော်နေကြတာကွ၊ ကိုအေးချမ်းကြီး ရှိနေတာ ဟန်ကျတာပဲ ဆိုပြီး မင်းညီကော ညီမကော တဖွဖွ ပြောနေတာ"

ဩော် . . .တော်တော်ကြီး နတ်ကြီးတဲ့ တက္ကသိုလ်ပေပဲ ဟုတွေယင်း ပြုံးမိသည်။

ထိုစဉ် ကျွန်တော် စီးလာသော အငှားယဉ်လေး ဘီးကားက ရန်ကင်းကျောက်ကုန်း လမ်းမကြီး အတိုင်း ချိုင်းဝင်၍ ဦးလေးတို့ တိုက်ရှေ့နားရောက်လာသည်။ ကျွန်တော် ကားကို ရပ်ခိုင်းပြီး ငွေရှင်း၍ ခြံဝသို့ လျှောက်လာခဲ့သည်။

မျှော်နေတဲ့ လူတွေ တစောင့်စောင့် ဖြစ်မှာ စိုး၍ သာ ဘတ်စ်ကားနှင့် မလာပဲ ကားငှား လာရသည်။ ကျွန်တော့် ရှိစုမဲ့စု ဘတ်ဂျယ်ကလေးထဲမှ ဆယ့်နှစ်ကျပ် ထိသွား၏ ။

*

"လာ . . .အစ်ကို . . .အတော်ပဲ၊ ကျွန်တော်တို့က အစ်ကို လာမှ

လာပ့ါမလား ဆိုပြီး တပူပူနဲ့ စောင့်နေရတာ ”

ကျွန်တော် ခြံဝ ရောက်သည်နှင့် အိမ်ရှေ့ ပေါ်တီကို အောက်မှနေ၍ စောင့်နေဟန် တူသော ဖိုးတိုး ကမန်းကတန်း ပြေးလာသည်။ စောင့်နေဟန် တူသော ဖိုးတိုး ကမန်းကတန်း ပြေးလာသည်။

တံခါး ဖွင့်ယင်း ဝမ်းသာအားရ ပြော၏ ။ ကျွန်တော်ရယ် လိုက်ပြီး . . . .

“လာပါတယ်ကွာ၊ မလာပဲ ဘယ်နေမလဲ၊ ဦးလေးတို့ ကော ရှိလား”

“ဒက်ဒီတော့ မရှိဘူးအစ်ကို၊ ရုံးက ပြန်မလာသေးဘူး၊ မာမီ ရှိတယ်၊ မာမီလဲ အစ်ကို့ကို မျှော်နေတာ”

စုစုပေါင်းမှ သားနှင့်သမီး နှစ်ယောက်ရှိသည့် အနက်၊ သားအကြီးက ဆယ်တန်းမှာ တနှစ်ထိုင်ပြီး သမီးနှင့် အတူ တက္ကသိုလ် နှစ်ယောက်လုံး တပြိုင်တည်း တက်ရမှာမို့ အဖွားကြီးလည်း တက္ကသိုလ်နတ် ဖမ်းစားခြင်းကို ကောင်းကောင်း ခံနေရမှာ သေချာသည်။

“အို . . .”

တိုးနှင့်အတူ လျှောက်လာယင်း ဧည့်ခန်းထဲ ဝင်လိုက်သည်နှင့် ရင်ထဲမှာ လှုပ်ကနဲ ဖြစ်သွား၏ ။

ဧည့်ခန်းထဲတွင် ကျွန်တော် မျှော်လင့်ထားသော လူအရေအတွက် ထက် တယောက် ပိုရှိနေသော ကြောင့်ပင်။

အဲ . . .တယောက်ကလည်း ရိုးရိုးတယောက် မဟုတ်၊ မြင်လိုက်ရသည့် ခဏလေး မှာပင် ရင်တခုလုံးကို ဆွဲကိုင် လှုပ်ခါ လိုက်သလို ဖြစ်သွားအောင် ရက်ရက်စက်စက်လှသော မိန်းကလေး တယောက်။

အမှန်တော့ ကျွန်တော့် အရွယ်နှင့် ကျွန်တော့် ပညာနှင့် သည်လောက်တော့ ဖြစ်သွားဖို့ မကောင်း၊ အရွယ်ကလည်း ကိုယ့်ညီမနှင့်

ရွယ်တူလေးမို့ ကိုယ်ဘက်က ဣန္ဒြေသိက္ခာတော့ ရှိဖို့ ကောင်းသည်။ ခုတော့ အပြင်တန်းက ဣန္ဒြေမပျက်သော်လည်း ရင်ထဲမှာ အတော်လေး ဣန္ဒြေမရ ဖြစ်သွားရသည်။ ဖြူဖွေးနုညက်နေသော မျက်နှာ အသားလေး ပေါ်မှာ စိမ်းနက်နက်လေး ထင်းနေသော မျက်လုံး၊ ဝန်းဝိုင်းကြည်လင်နေသော မျက်လုံး . . .။

“ကိုကိုကလဲကွာ အရမ်း နောက်ကျတာပဲ၊ သိင်္ဂီတို့ စောင့်နေတာ တနာရီလောက် ရှိပြီ”

ရောက်ရောက်ချင်း ဆီးအပြစ် တင်လိုက်သော သိင်္ဂီကို ပြုံးပြလိုက်ပြီး . . .

“ကိုကိုလဲ အတန်းပြီးပြီးချင်း ထွက်လာတာ သိင်္ဂီရ၊ ဘတ်စ်ကားနဲ့ ကြာမှာစိုးလို့တောင် အငှားကားနဲ့ ပြေးချလာတာ”

အဒေါ်က ရယ်သည်။

“မောင်အေးချမ်းရေ မင်းတော့ မလွယ်ဘူး၊ မင်းညီတွေ ညီမတွေတော့ မင်းကို ကောင်းကောင်း ဆိုးတော့မှာပဲ၊ ကြည့်သာ ထိန်းပေးတော့”

အဒေါ့် စကားနားထောင်ယင်း သိင်္ဂီ ပူညံ့ပူညံ့သံ နားစွင့်ယင်း မသိမသာ ဆင်စွယ်ရုပ် ကလေးကို ကြည့်မိသည်။ ဖြူဖွေး ကြည်စင် နေသော သွားကလေးများ လှစ်၍ ကျွန်တော် တို့ကို ပြုံးကြည့်ယင်း ဣန္ဒြေရရကလေး ထိုင်နေသည်။

“ကဲပါ . . .အားလူးတွေ ဖုန်မနေနဲ့တော့၊ သွားမယ် . . .လာ၊ ကိုတိုး ကားထုတ်ပြီးပလား”

တိုးက ခေါင်းညိတ်၍

“ထုတ်ပြီးပြီ အဆင်သင့်ပဲ”

“ဒါဖြင့် သွားမယ် . . .၊ လာ . . .မီးသွားစို့”

အလိုက်သင့် ထရပ်ယင်းနှင့် ထိုနာမည်လေးကို သတိပြုမိသည်။ မီး ဆိုပါလား။ ကျောင်းနာမည် တော့ဖြစ်ပုံမရ၊ အချင်းချင်း ခေါ်သော အိမ်နာမည် ပဲ ဖြစ်မည် ထင်သည်။

အမှန်တော့ လုံးဝ မလိုက်သော နာမည်ပင်။

မီး . . .ဆိုပေမယ့် . . .မီးလို ပူပူလောင်လောင်လေး မဟုတ်။ နှင်းပွင့်လေးလို ဖြူဆွတ်အေးမြ လှပသော မိန်းကလေး ဖြစ်၏ ။

*

မာဇဒါ ဆီဒင်အနီရောင် ကားလေးကို ကျင်လည်စွာ မောင်းနေသော တိုးကို ကျွန်တော် တချက် လှမ်းကြည့်သည်။ အသက် အားဖြင့် ကျွန်တော့် ထက် တနှစ်သာ ငယ်သော်လည်း အေးချမ်းသော ဘဝရိပ်မြုံမှာ နေရသူမို့ များစွာ နုပျိုသည်။ သူ့ထက် နှစ်နှစ်လောက် ငယ်သော သိင်္ဂီတို့နှင့် မှ ရွယ်တူလို ဖြစ်နေသည်။

သူ့သတ္တိလေးကလည်း ချီးကျူးဖို့ ကောင်းသည်။ မနှစ်က ဆယ်တန်းဖြေယင်းနှင့် တဘာသာမှာ ထင်သလောက် မဖြေနိုင်။ သူလိုချင်သော လိုင်းကို ရဖို့မသေချာ သဖြင့် ထိုနှစ်က အကျခံခဲ့သည် ။ သည်နှစ်တော့ ဂုဏ်ထူးသုံးဘာသာနှင့် အောင်ပြီး သူတက်ချင်သော စက်မှုတက္ကသိုလ် တက်ခွင့်ရသည်။

“တိုး . . .မင်းကော အာအိုင်တီ ရောက်ပြီးပြီလား”

တိုးကရယ်သည်။

“ကျွန်တော်က မနှစ်တည်းက အာအိုင်တီ ရောက်ပြီထင် ပြီးကျောင်းထဲ မွှေနှောက်ထားခဲ့ တာအစ်ကိုရ၊ အာအိုင်တီမှာ ကျွန်တော့် သူငယ်ချင်းတွေ ရှိတယ်၊ ရာဇူးထဲ ကျွန်တော် သွားမိယင် အဲဒီ ကျောင်း တက်ရမှာ စိုးလို့ မသွားပဲ တမင်နေတာ”

"ကြည့် . . .ကိုကို၊ ကိုတိုးကို သိင်္ဂီ အဲဒါကြောင့် မုန်းတာ၊ ရာဇူးဆို သူက သိပ်နှိမ်တာ၊ ခုလဲ ပြောတာကို ကြည့်ပါအုံး၊ သွားမိယင် တက်ရမှာ စိုးလို့ မသွားပဲနေတာတဲ့"

တိုးက အာအိုင်တီသမားမို့ ဝိဇ္ဇာသိပ္ပံ တက္ကသိုလ် ရောက်မှာ သေမလောက် ကြောက်နေသူ ဖြစ်ရာ သူ့စကားက ရာဇူးတွင် တက်ရမည့် သိင်္ဂီတို့ကို တည့်တည့် လာထိနေသဖြင့် သတ္တဗေဒ အဓိကသမား သိင်္ဂီက မဲ့မဲ့ရွဲ့ရွဲ့ ဝင်ပြောသည်။

ကျွန်တော် ပြုံးလိုက်ပြီး . . .

"မဟုတ်ပါဘူး သိင်္ဂီရာ၊ တိုးက သိပ်အင်ဂျင် နီယာဖြစ်ချင်နေတာ ဆိုတော့ အင်ဂျင်နီယာမ ဖြစ်ရမှာ စိုးလို့ပြောတာပါ"

"သူ့ အင်ဂျင်နီယာကြီးလဲ သိင်္ဂီတို့က မဖြစ်ချင်ပါဘူး၊ ရာဇူးက ပျော်ဖို့ကောင်းတယ်၊ ရာဇူးပဲ တက်ချင်တယ်"

တိုးက သဘောကျစွာ ရယ်၏။

"အေးပေ့ါဟ . . .မြေခွေးက သူမမီတော့လဲ သပျက်သီးကို ချဉ်တယ်လို့ ပြောတာပေ့ါ"

"အမယ် . . .မဆိုင်ပါဘူးနော်၊ ကိုယ့်ရည်ရွယ်ချက်နဲ့ ကိုယ်ပါ"

"ကဲပါ . . .သိင်္ဂီရယ်၊ စကားနိုင် လုမနေပါနဲ့၊ တို့အညံ့လို့ ရာဇူးပဲ ရတာပါလို့ ပြောလိုက်ယင် ကိုတိုး ကျေနပ်သွားမှာပါ၊ အဲဒီ လိုပဲ ပြောလိုက်"

စောစောက အထိ မောင်နှမ နှစ်ယောက် စကားနိုင် ပြုံးကြည့်နေသော မီးဆိုသည့် ကောင်းမလေးက ခပ်ထေ့ထေ့လေး ဝင်ပြောသည်။ ဧကန္တ သူလည်း ရာဇူးသမားပင် ဖြစ်မည် ထင်၏။

မောင်နှမ နှစ်ယောက် စကားလုပွဲ ရပ်သွားအောင် ကျွန်တော်က

စကားလွဲ သည့်အနေ နှင့် . . .

"သူကော . . .သိင်္ဂီတို့ မေဂျာတူတူ ရှုံးကပဲလား"

ကောင်မလေးက "မဟုတ်ဘူး . . .မီးက ဘော့တနီ" ဟု ခပ်တိုးတိုး ဖြေသည်။ သိင်္ဂီက ဝင်၍ . . .

"ဩော် . . .မေ့ နေလိုက်တာ၊ ကိုကိုနဲ့ မီးကိုတောင် မိတ်ဆက် မပေးရသေးဘူး၊ မီးက သိင်္ဂီ့ သူငယ်ချင်း ကိုကိုရ၊ သိင်္ဂီနဲ့ အတူတူ တကျောင်းတည်း ကအောင်တာ၊ သူက ရုက္ခဗေဒ ရတယ်လေ၊ အိမ်နာမည်က မီးမီး၊ ကျောင်းနာမည်က စပယ်ဖြူတဲ့၊ မလှဘူးလား"

စပယ်ဖြူလေးတွင် နှင်းဆီ ပန်းရောင်ငွေ့လေး ရိပ်ကနဲ သမ်းသွားသည်။

"သိင်္ဂီနော် . . . မဟုတ်က ဟုတ်ကတွေ မပြောနဲ့၊ မီးက သိင်္ဂီ လောက် မလှပါဘူး"

ကျွန်တော် ရယ်ရုံသာ ရယ်သည်။ ရယ်ယင်းနှင့် စပယ်ဖြူဟု သိပ်လိုက်ဖက်သည့် အမည်ရှိသည့် မီးဘက်သို့ လှည့်လိုက်ပြီး . . .

"တို့နာမည် အေးချမ်းနော် . . . မှတ်ထား၊ သိင်္ဂီ့ အစ်ကိုဟာ မီးတို့ အစ်ကိုပဲ၊ လိုတာရှိယင် ဘာမဆို အကူအညီ တောင်း"

"ဟုတ်ကဲ့ . . .ကျေးဇူးတင်ပါတယ် ကိုကို"

"အစ်ကို . . .သူတို့ကို သွားပြီး အရမ်းအကူအညီပေးမယ် ဘာညာမပြောနဲ့၊ သိပ်ကဂျီကကျောင် များတာတွေ၊ ဟိုဟာ ပူဆာ၊ ဒီဟာ ပူဆာနဲ့ ပူညံပူညံ သိပ်လုပ်လိမ့်မယ်"

"အမယ် . . .နင်ဝင်မပါနဲ့ ကိုတိုး၊ ကိုအေးချမ်းက နင့်လို စိတ်ပုပ်တာ မဟုတ်ဘူး၊ သဘော ကောင်းတယ်၊ ငါတို့ အစ်ကို ငါတို့ ပူဆာမှာ ဘာဖြစ်လဲ၊ နင်နဲ့ မဆိုင်ဘူး"

နောက်ဆုံးတော့ သည်မောင်နှမ ရန်ပွဲဆီပဲ ပြန်ရောက်၏။

ဘာပဲဖြစ်ဖြစ် စီးနေသော ကားလေးထဲမှာ လေးယောက်တည်း ရှိသော်လည်း ဝိုင်းက စည်ကားနေတာ တော့အမှန်။

*

(၂)

"သိင်္ဂီ . . .ငါ ဘယ်နှစ်နာရီ လာကြိုရမလဲ"

ကျောင်းထဲရောက်၍ သိပ္ပံ အဆောက်အအုံ ငွေသွင်းဌာန ရှေ့တွင် ကားလေး ရပ်လိုက်ပြီး ကျွန်တော်တို့ ကားပေါ်က ဆင်းနေဆဲ တိုးစကားကြောင့် ကျွန်တော် က လှမ်းပြီး . . .

"ဘာလဲတိုး၊ မင်းမလိုက်တော့ဘူးလား"

"မလိုက်တော့ဘူး အစ်ကို၊ ကျွန်တော် သွားစရာ ရှိသေးတယ်၊ သူတို့ ပြန်ချိန်ကျမှ ကျွန်တော် လာခေါ်မယ်"

တိုးစကားကြောင့် သိင်္ဂီမဲ့သည်။

"ဘယ်လိုက်နိုင်မလဲ၊ သူက သူ့ကောင်မတွေဆီ အခစား ဝင်ရအုံးမှာ ကိုကိုရ၊ ထင်သားပဲ . . .သိင်္ဂီတို့ကို အကြောင်းပြပြီး လျှောက်ရှုပ်အုံး မယ်ဆိုတာ"

"ဟ . . .ငါက နင်တို့နဲ့ ဘာလိုက်လုပ် ရမှာလဲ၊ ငါ့ကိစ္စနဲ့ငါ သွားမှာပေါ့"

"သွားပါ . . .သွားပါ၊ ဘယ်သူမှလဲ တားမနေပါဘူး၊ ရှုပ်တောင် ရှုပ်သေးတယ်"

"အေးပါ . . .ပြီးတာပါပဲ၊ သွားမယ် အစ်ကို၊ လေးနာရီ လောက်မှ ကျွန်တော် လာခဲ့မယ်၊ ဒီနားကပဲစောင့်"

ကျွန်တော် ခေါင်းညိတ်ပြသည်။

တိုးက ကားကို ဂီယာထိုးပြီး ငြိမ်ငြိမ်လေး မောင်းထွက်သွားသည်။ ကျွန်တော်က သိင်္ဂီတို့ နှစ်ယောက်ဘက် မျက်နှာမူ လိုက်ပြီး . . . .

"ကဲ . . .ဘယ်သွားမလဲပြော သိင်္ဂီ၊ သိင်္ဂီတို့ စတက်ရမယ့် အတန်းက တော့ ဒီဘက်မှာ မရှိဘူး၊ ကိုယ်စောစော ကပြခဲ့တဲ့ ကျောင်းအဝင် ခြသေ့်တံခါးနားက

မန္တလေး ဆောင်မှာ ၊ ဒါက သိပ္ပံ အဆောက်အအုံ၊ ဟိုအပင်ကြီးက သစ်ပုတ်ပင်၊ ဟောဟို ကဟာက ဘွဲ့နှင်းသဘင်၊ တို့နဲ့ မျက်နှာချင်းဆိုင် လမ်းဟိုဘက်က ဝိဇ္ဇာခန်းမ၊ အဲဒီ ညာဘက်လမ်း ကျော်ယင် စီးပွားရေး တက္ကသိုလ်၊ ဗယ်ဘက်က အပန်းဖြေရိပ်သာ”

ကျွန်တော်က ဇယ်ဆက်သလို တဆက်တည်း လျှောက်ပြလိုက်သည်။ သိင်္ဂီက ခေါင်းခါ ၍ . . .

“ဟင့်အင်း . . .အဲဒီ လို မပြနဲ့၊ ဒီလိုပဲ လျှောက်သွားမယ်၊ လျှောက်ယင်းနဲ့ တွေ့သမျှ အကုန်ပြောပြ”

“ဟုတ်ပြီ၊ ကဲ . . .ဒါဖြင့်လာ၊ ကျောင်းလခ ငွေသွင်းရမယ့် နေရာကစပြီး သိပ္ပံ အဆောက်အအုံ ကြီးကို ပထမ တပတ် ပတ်မယ် ၊ ဟုတ်လား”

နှစ်ယောက်စလုံး ပြုံး၍ ခေါင်းညိတ်သည်။

မီးသည် ပြုံးလျှင်ပိုလှကြောင်း ထပ်မံသတိထား မိလိုက်၏ ။

ငွေသွင်းသည့် နေရာကို ပြပြီး အပေါ်ထပ်တက်သည့် လှေကားဘက် မဝင်တော့ပဲ ဗယ်ဘက်စင်္ကြံ အတိုင်း လျှောက်လာကြသည်။

“ဒါက နားနေခန်းတွေ၊ ဒီဘက်ကကျောင်း သူနားနေခန်း၊ အယ်လ်စီအာ၊ ဟိုဘက်က ကျောင်းသားတွေ အတွက်”

“အဲဒီ မှာ ဘာလုပ်ရတာ လဲ”

“ဘာမှ မလုပ်ရဘူးလေ၊ ကျောင်းက တဆက်တည်း တက်ရတာ မှ မဟုတ်ပဲ၊ အချိန်အားလို့ ဘယ်မှမသွားချင်ပဲ နားနေချင်ယင် ဒီမှာလာပြီး အေးအေးဆေးဆေး စာဖတ်ဖတ်၊ အိပ်အိပ် နားလို့ရတာ ပေါ့”

“ဟန်ကျတာပဲ မီး၊ နင် အိပ်ပုတ်လာကြီးဖို့တော့ နေရာ ကောင်းရပြီ”

“အေးဟ . . .ပွတာပဲ”

စောစောက ထက်စာလျှင် တဖြည်းဖြည်း ရင်းနှီးလာ၍ လားမသိ ရွှတ်တွတ်တွတ် လေးတွေ နောက်စပြုလာသည်။ ချစ်စရာ ကောင်းသော အမူအရာ လေးများကိုလည်း လှစ်ကနဲ လှစ်ကနဲ မြင်တွေ့နေရသည်။

"လာ . . .ဒီဘက် အရင်သွားမယ်၊ ဒီဘက်က ရူပဗေဒဌာန"

ကျွန်တော်က ကျောင်းသား နားနေခန်းဘက်မှ စကြံ့ အဆုံးတွင် ဗယ်ဘက်သို့ ချိုးကွေ့ပြီး ပြောပြသည်။ မီးက မျက်လုံးလေး ပင့်လိုက်ပြီး . . .

"အဲ . . .သိဂီ၊ အဲဒါက နင့်အတွက် အရေးကြီးတယ်၊ သေချာ မှတ်ထား၊ ရူပဗေဒ ဌာနတဲ့"

"ဟဲ့ . . ."

သိဂ်ီ့ မျက်နှာတွင် ရှက်ပြုံးတခု ပေါ်လာပြီး မျက်လုံးပြူး၊ အောက်နှုတ်ခမ်းကို အပေါ်သွားနှင့် ကိုက်၍ ကျွန်တော့် ဘက် မျက်စပစ်ပြီး မီးကို ဆိတ်ဆွဲ ဟန့်သည်။

ကျွန်တော် သူတို့ ဘာအဓိပ္ပာယ်နှင့် ပြောဆိုနေသည်ကို ရိပ်မိသဖြင့် အသာပြုံး နေလိုက်သည်။ သည်ခေတ် သည်အခါမှာ အစ်ကိုတို့ မောင်တို့မှာ များစွာ နေတတ်ထိုင်တတ်ဖို့ လို၏။

သည်ကိစ္စက သိဂ်ီ့ ပတ်သက်ရာ ပတ်သက်ကြောင်း တခုခုကို ရည်ညွှန်း၍ ပြောလိုက်ခြင်း ဖြစ်သည်ဟု နားလည်ယင်းနှင့် တစုံတခုကို သတိရသည်။

သိဂီပတ်သက်ရာပတ်သက်ကြောင်းက ရူပဗေဒ ဌာနဟု ဆိုလျှင် မီးနှင့် ပတ်သက်သော ဌာနကကော . . . .

ရင်ထဲတွင် အလကားနေယင်း ပူသလို ဖြစ်သွား၏။

"အင်းလေ . . .သူ့အရွယ်နဲ့ သူပဲ၊ သူ့ဟာနဲ့ သူလေး တွေရှိကြမှာပေါ့"

စိတ်ကိုရအောင် ဖြေလိုက်သည့်ကြားက ဟာတာတာကြီး ဖြစ်သွားသည်။

စပယ်ဖြူ . . .ပန်သူနှင့်လေး . . .ဆိုသည့် ရေးသီချင်းကြီးထဲက လား ဘယ်ကလား မသိသည့် စကားတခုကို အမှတ်တမဲ့ သတိရလိုက်သည်။

ပန်သူမရှိပါနဲ့ဦး . . .စံပယ်ဖြူရယ် . . .ဟု ရင်ထဲက တိုးတိုး ရေရွတ်လိုက်မိ၏ ။

*

ချစ်စရာ ကောင်းသော မျက်နှာလေးနှင့် ချစ်စရာကောင်းသော အမူအရာ အပြောအဆို လေးများကို မျက်စိထဲက ဖျောက်၍ မရ။

သူတို့ပြန်သွား၍ အဆောင်ပြန် ရေမိုးချိုး ထမင်းမစားခင် ဟိုနားသည်နား လမ်းလျှောက် နေတော့လည်း သတိရနေသည်။

ထမင်းစား နေယင်းလည်း သတိရသည်။ ထမင်းစားပြီး အဆောင်ရှေ့ အုတ်ခုံတွင် လေညင်းခံယင်း ထိုင်နေတော့လည်း သတိရသည်။

ထိုနေ့ကျမှ ခါတိုင်းမိုးရွာ နေကျပင် မရွာ၊ မြူတင်းနေသော ကောင်းကင်ပြင်မှ လင်းလင်း ထိန်ထိန် ဖြစ်နေသော လမင်းကို ကြည့်ပြီး ရင်ထဲမှာ ကြည်နူးနေမိသည်။ ဘဝမှာ သည်လို တခါမျှ မခံစား ခဲ့ရဖူးချေ။

စကားသံလေးများ ပြန်ကြားနေမိသည်။

“ကျေးဇူးတင်ပါတယ် ကိုကို”

“ကဲပါ သိင်္ဂီရယ်၊ စကားနိုင်လု မနေပါနဲ့၊ တို့က ညံ့လို့ ရာဇူးပဲ ရတာ ပါလို့ ပြောလိုက်ယင် ကိုတိုးကျေနပ်သွားမှာပါ”

“အဲ . . .သိင်္ဂီ အဲဒါက နင့်အတွက် သိပ်အရေးကြီးတယ် . . .သေချာမှတ်ထား၊ ရူပဗေဒဌာန တဲ့”

များများစားစား စကားပြော မသွားသဖြင့် သတိရစရာလည်း သိပ်များများ စားစားမရှိ။ မှတ်မိသော စကားသုံးမျိုး စလုံးကို အပြုံးနှင့် ပြောသွားသည် ဆိုသည်ကိုတော့ သတိပြုမိသည်။ ပထမ စကားက ကျေးဇူးတင်ပြုံး မိတ်ဆက်ပြုံး ခင်မင်ပြုံး၊ ဒုတိယ စကားက ဖြန်ဖြေပြုံး၊ နှစ်သိမ့်ပြုံး၊ ခွင့်လွှတ်ပြုံး၊ တတိယ စကားက စပြုံး၊ နောက်ပြုံး၊ အပျော်ပြုံး။

ဘယ်လိုပြုံးပြုံး၊ ထိုအပြုံး အားလုံး ချစ်စရာ ကောင်းနေတာ ကလည်း အမှန်။

မီးဆိုသည့် ကောင်မလေးသည် သိပ်ချစ်ဖို့ ကောင်းသော ကောင်မလေးပင်၊ ခင်မင်သော သူငယ်ချင်းမလေး အဖြစ်နှင့် ဆိုလျှင်လည်း သည်လို သူငယ်ချင်း မျိုးလေးရှိဖူးသဖြင့် ဘ၀မှာ များစွာ ဂုဏ်ယူဖို့ ကောင်းသည်။ နောက်တမျိုးက သိပ်ချစ်စရာ ကောင်းသည့် ညီမလေးမျိုးပင်၊ သည်လို ညီမလေးမျိုး တယောက်သာ ရှိလျှင်လည်း ဘ၀နာ ဘယ်လောက် စိတ်ချမ်းသာဖို့ ကောင်းလိုက်မည်နည်း။ ပြီးတော့ သိပ်ချစ်စရာကောင်းသည့် .....

ကျွန်တော့် အတွေးကို ကျွန်တော် မရအရ ဖြတ်တောက် ပစ်လိုက်သည်။

သည့်ထက်ပို၍ ကျွန်တော် မတွေးသင့်တော့ဟု ဘ၀က ပေးသော အသိက ကမန်းကတန်း ထိန်းချုပ်သည်။ တော်ပါပြီလေ ...သည်လို ပုံစံမျိုးလေးနဲ့ ချစ်ဖို့ ကောင်းတာ လောက်နဲ့ပဲ တော်သင့်ပါပြီ။

စပ်ဆိုင်သော ဘ၀ရှိ၍ ဆက်စဉ်းစားသည်က အဓိပ္ပာယ် ရှိသည်။

သူတို့ ဘ၀မျိုးနှင့် ကျွန်တော့် ဘ၀မျိုးက မည်သို့မျှ မစပ်ဆိုင်။

စောစောက ကြည်နူးနေခဲ့သော လရောင်အောက်က အတွေးလေးများ ရုတ်တရက် အကြည့်တန်သွားသည်။

ကိုယ့်ဘ၀ ကိုယ်သာ အသိဆုံး ဖြစ်သလို ကိုယ့်ဘ၀ကိုယ်

နားလည်ဖို့ကလည်း လောကမှာ အရေးကြီးတယ် မဟုတ်လား . . .မီး။

*

(၃)

စကတည်းက ကိုယ့်ဘဝကိုယ် နားလည်ပြီး သားပါ . . .မီးရယ် . . .။

ဒါကြောင့်မို့လဲ ဘဝ လျှောက်လုံးမှာ နှလုံးသားဆိုတဲ့ ခံစားထိ ခိုက်လွယ်တဲ့ ခန္ဓာကိုယ် ထဲက ဧရိယာလေးကို သွပ်နန်းကြိုးမာမာစူးစူးနဲ့ တူတဲ့ ဥပေက္ခာ တရားလေး တွေနဲ့ ကာပြီး မချစ်တတ်တဲ့ သစ်တုံးတတုံးလို နေနေခဲ့တာပေါ့၊ နို့မို့ တက္ကသိုလ်မှာ တတိယနှစ်ကောင် ရောက်နေပြီ ဖြစ်တဲ့ ကိုယ်ဟာ တတိယမြောက် ရည်းစားလောက် မထားပြီးတောင်၊ ပထမ ရည်းစားနဲ့ တတိယအကြိမ် နှစ်ပတ်လည်လောက် ချစ်ပြီးသားတော့ ဖြစ်နေမှာပေ့ါ။

ဒါပေမယ့် ဥပေက္ခာ သွပ်နန်းကြိုး စည်းရိုး ခိုင်ခိုင်ကို ဘယ်လီဖေးရှင်းထဲက ဒေါ်လာခြောက်သန်းတန် လူလို လှစ်ကနဲ ခုန်ပျံဝင်လာတဲ့ မီးအပေါ် ချစ်တဲ့အချစ် ရောက်လာတဲ့ အချိန်မှာ ကိုယ်နှလုံးသားရဲ့ ကန့်သတ် ဧရိယာထဲမှာ ဘယ်ခြေရာမှ မချနိုင်သေးတဲ့ အချိန် ဖြစ်နေတယ်၊ မီးရဲ့ ခြေရာဟာ၊ ကိုယ်မတားနိုင် မဆီးနိုင် ရောက်လာတဲ့ ပထမ ဆုံး ခြေရာပဲ မီး . . .

ဒါတောင်မှ ညတွင်းချင်းပဲ နှလုံးသား သန့်သန့်ပြန့်ပြန့် လေးပေါ်က အဲဒီ ခြေရာလေး တွေကို ချက်ချင်း ပြန်ဖုံးပြီး နဂိုအတိုင်း မဖြစ်တောင်မှ ကြည့်ကောင်း ရှုကောင်းအောင် လုပ်ထား နိုင်ခဲ့ပါတယ်။

သို့ပေမယ့် . . .လောကကြီးမှာ မျက်စိနှစ်ကွင်း အလင်းမရပဲ အချစ်ကို ဖြစ်ပေါ်စေတဲ့ မြားနဲ့လေးကိုင်ပြီး၊ ဟိုပစ်ဒီပစ် လက်သရမ်းတတ်တဲ့ မြားနတ်မောင် ဆိုတဲ့ ကျူးပစ်ကောင် လေးက ဟယ် . . .ငအေးချမ်း နင်တော့ ဒီတချီ အသည်း ကွဲဖြစ်အောင် ကွဲလိုက်ဦး ဆိုပြီး ဘယ်ဘဝက ထားခဲ့တဲ့ အာဃာတ အကြောင်းပြုလို့ နှိပ်စက်လိုက် တယ်မဆိုနိုင်ဘူး မီးရယ်၊ ကျောင်းမဖွင့်ခင် စနေနေ့လေးမှာ ကျောင်းကို လိုက်ပြဖို့ ခဏတဖြုတ် ဆုံခဲ့ပြီး ပြန်ဝေးသွားတဲ့ မီးနဲ့ ကျောင်းဖွင့်တဲ့ရက် ညနေပိုင်းလေးများ မမျှော်လင့်ပဲ ပြန်ဆုံရပြန်တယ်။

ဘဝရဲ့ ဒုက္ခဆိုတာ ရှောင်မရပါလား . . .မီး။

ထုံးစံအတိုင်းပင် ကျွန်တော့်ဘဝမှာ ဘာအလုပ်မှ သိပ်ထွေထွေထူးထူး မရှိပဲ၊ ကျောင်းချိန် အားလျှင် ကျောင်းထဲက ချောင်ကောင်းကောင်း လက်ဖက်ရည်ဆိုင် တဆိုင်မှာ ထိုင်၊ မေးအောက်က တပင်စ -နှစ်ပင်စ ပေါက်နေတဲ့ မုတ်ဆိတ်မွေး ငုတ်စလိ ငုတ်စနလေးတွေကို ဆယ်ပြားစေ့ နှစ်စေ့ နဲ့ညှပ်ပြီး နှုတ်ဆွဲ ဖီလင်ယူနေခဲ့သည်။

ဘဝမှာ ကားလေးတစင်း မပြောနှင့် မြို့ထဲ ဟိုနားဒီနား သွားရန်ပင်၊ ကားခ အပိုသုံး မတတ်နိုင်သော ကမ္ဘာ့ပစ္စည်းမဲ့ များ၏ စည်းစိမ်ခံနည်း ဖြစ်သည့် “ထိုပြားနှစ်ဆယ်တန် ဖီလင်လေး” ၏ အမြင့်ဆုံး ဒီရေအရောက်တွင် လန့်ကနဲ ဖြစ်သွားအောင် ချိုသာသော ခေါင်းလောင်းသံလေး နှစ်ခု လွင်လွင် မြည်၏ ။

“ဟော . . .ဒီမှာ သူက”

“အေးလေ . . .ရှာလိုက်ရတာ ၊ ဒီလာပြီး ဘာတွေ ငိုင်စဉ်းစားနေလဲ မသိဘူး”

အလွန် ဆိတ်ငြိမ်နေသည့် ပတ်ဝန်းကျင်လေးတွင် ရုတ်တရက် လှုပ်ရှားသွားသဖြင့် ကျွန်တော် ပျာပျာသလဲ လှည့်ကြည့် လိုက်သည်။

“ဩော် . . .သိင်္ဂီတို့ပါလား”

“အင်းပေါ့ . . .ကိုကို့ကို လိုက်ရှာနေတာ၊ ပထဝီဌာန ဘက်လဲ ရောက်ပြီးပြီ၊ အတန်းတွေလဲ မရှိဘူး၊ လူလဲ မရှိဘူး၊ အဲဒါ သိင်္ဂီတို့ကို နှံ့နေတာပဲ၊ ဘယ်မှာမှ မတွေ့လို့ စိတ်ပျက်ပျက်နဲ့ ကင်တင်း ထွက်လာမှ တွေ့တာ”

“ဟုတ်လား . . .ကဲ - ထိုင်အုံးလေ၊ ဘာသောက်မလဲ အအေးလား၊ အပူလား”

“အအေးလဲ မဟုတ်ဘူး၊ အပူလဲ မဟုတ်ဘူး၊ ဆီချက်စားမလို့၊ ကိုကို့

လိုက်ရှာရတာ ဗိုက်ကို ဆာနေပြီ”

“ရတယ် . . .ဒီမှာပဲထိုင် ကိုယ်မှာပေးမယ်”

ဟိုနေ့ကထက် စာလျှောင် ပိုပြီး ရင်းနှီးသော အပြုံးမျိုးကို ပြုံးထားသော်လည်း၊ ရောက်လာ ကတည်းက “ဟောဒီမှာ သူက” တခွန်းပဲ ပြော၍ နောက်ထပ် ဘာတခွန်းမှ မဆိုသေး သည့် မီးက ပြုံးပြီး ကျွန်တော်နှင့် နီးသော ကုလားထိုင်တွင် ဝင်ထိုင်သည်။

“ကိုကိုများ လာမလားလို့ မီးတို့ ကွန်ဗို့က ထွက်တော့ ရှာကြည့်သေးတယ်၊ လူတွေ အများကြီး ကြားထဲရှာ ကြည့်သေးတယ်၊ လူတွေ အများကြီး ကြားထဲ ရှာမနေ ရဲတော့တာနဲ့၊ ပြီးတော့ ကိုကိုလာယင်လဲ မီးတို့ကို လှမ်းခေါ်မှာပဲ၊ မလာလို့သာ ဖြစ်မယ်ဆိုပြီး လိုက်ရှာတာ”

“ဟုတ်တယ် . . .မီး၊ ကိုယ် အဲဒီ ကို မရောက်ဘူး”

“ကိုကိုက ဘာလို့ မရောက်တာလဲ”

“ဟောဗျာ . . .ကိုယ်လာဖို့ လိုလို့လား”

“အင်း . . .ကြည့်၊ ကိုကိုက ဘယ်လိုကြီး ပြောတာလဲ မသိဘူး၊ လာဖို့လိုလို့လား . . .တဲ့၊ ကိုကိုက လိုမှပဲလာမှာလား၊ ကိုယ့် ညီမလေးတွေ တက္ကသိုလ်မှာ မလည်မဝယ်နဲ့ ဒုက္ခတွေ ရောက်တော့မှာပဲ ဆိုပြီး ကိုကိုက နည်းနည်းမှ မပူတော့ ဘူးလား”

စကားမပြော . . .မပြောနှင့် ပြောမယ့် ပြောတော့လည်း အထေ့လေး အငေါ့လေး စုံအောင် ပြောတတ်သော မီးစကားကြောင့် ကျွန်တော် ပြုံးလိုက်မိသည်။

“မပြောတတ်ဘူးလေ မီးရယ် . . .ဒီရက် ဒီရက်တွေ ဆိုတာ တက္ကသိုလ် ကျောင်းမှာ အစ်ကိုတွေ မောင်တွေက သိပ်အလိုက် သိရတဲ့ ရက်တွေ၊ တော်ကြာ ဆိုင်ရာ၊ ဆိုင်ရာလေး တွေ ပါလာတာနဲ့ တန်းတိုးနေယင် မျက်နှာပူဖို့ ကောင်းတယ်

မဟုတ်လား”

“ဟယ် . . .ကြည့်စမ်း . . .ကြည့်စမ်း . . .ဒါ မီးတို့ကို ရည်းစားလာမှာ မို့လို့ တမင် ရှောင်နေတာလို့ သွယ်ဝိုက် ပြောတာ မဟုတ်လား၊ ကိုကို သိပ်ဆိုးတာပဲကွာ၊ မီးတို့က ဒါတွေ မစဉ်းစားသေးဘူးနော် သိင်္ဂီရယ်၊ ပြောလိုက်စမ်းပါ”

“အလကားပါ မီးရယ် . . . .ကိုကိုက အဲဒါလည်တာဟ . . .သူ့ရည်းစားနဲ့ တွေ့နေရလို့ မလာနိုင်တာကို တို့ဘက်လှဲ့ ချတာ ဟုတ်တယ် မဟုတ်လား၊ ကိုကို . . .

ကက်ကက်လန်အောင် ရန်တွေ့ကြသည့်အတွက် ကျွန်တော် အသံထွက်၍ ရယ်လိုက်ရသည်။

“မဟုတ်ပါဘူး သိင်္ဂီရယ် . . . .အဲဒီ လိုတော့ တိုဘက်ကို မြားဦးမပြောင်းပါနဲ့၊ တက္ကသိုလ်မှာ တို့လို ကောင်မျိုးကို ဘယ်မိန်းကလေး ကမှလဲ စိတ်မဝင်စားပါဘူး၊ တို့ကလဲ ကိုယ့်ဘဝ နဲ့ကိုယ် ဘယ်သူ့ကိုမှလဲ အသဲတခြမ်း မလှူရဲပါဘူး”

“ဟော . . .တွေ့လား ၊ သိင်္ဂီ . . . .သူ့ဘက်ကျတော့ သိတတ် လိုက်တာ၊ ကဗျာဆရာကြီး ကဗျာစကားလုံးတွေ နဲ့ကို အသည်းအသန် ကာကွယ်နေပြီ”

မီးစကားကြောင့်သိင်္ဂီ လှျောချောင်လိုက်ပြန်ပြီ ဆိုသည်ကို သိလိုက်ပြန်၏ ။ တက္ကသိုလ်မှာ တက်ယင်း ဝါသနာ အလျောက်ကဗျာ တိုလေးတွေ စာတိုလေးတွေ ရေးနေသည့် ကျွန်တော့် ဘဝကို တတ်နိုင်သမျှ လူသိမခံခဲ့၊ လူသိခံနိုင် လောက်အောင်လည်း ဖြစ်ဖြစ်မြောက်မြောက် ရှိလှသည် မဟုတ်။ ထို့ကြောင့် ကဗျာ ဆရာကြီးဟု အခေါ်ခံ လိုက်ရသည်ကို ရှက်တွန့်တွန့် ဖြစ်သွားသည်။

“ဟာ . . . .မီးကလဲ ဘယ်က ကဗျာဆရာကြီး ကမှာလဲ၊ သိင်္ဂီ ပေါက်တတ်ကရတွေ လျှောက်ပြော လိုက်ပြန်ပြီနဲ့ တူတယ်”

အမယ် . . .ပေါက်တတ်ကရ မဟုတ်ပါဘူး နော်၊ သိင်္ဂီက မီးကို

အကောင်း ပြောပြတာပါ၊ ကဗျာရေးတဲ့ လူကို ကဗျာဆရာလို့ မခေါ်ယင် ဘယ်လို ခေါ်ရမလဲ၊ လုပ်မနေနဲ့ သိင်္ဂီ ပြောပြထားလို့ ကိုကို့ အကြောင်းကို မီးအကုန်လုံး သိပြီးပြီ”

မီးစကားကြောင့် သိင်္ဂီက ကျွန်တော် ဘာပြောမလဲ စိုးရိမ်သည့် အမူအရာဖြင့် လှမ်းကြည့်သည်။ ကျွန်တော် ပြုံးသည်။

“သိတော့ . . . .”

“သိတော့ ကိုကို့ကို ပြောစရာ ရှိတာ ပြောထားရမှာပေ့ါ၊ မီးတို့ကို ညီမအရင်းတွေလိုပဲ သဘောထား၊ ကိုကို့ ကိုလဲ မီးတို့က အစ်ကို အရင်းလိုပဲ သဘောထားမယ်၊ ကိုကို့ မှာ ဘာအခက်အခဲ ပဲရှိရှိ မီးတို့ကို ပြော၊ မီးတို့မှာ ပြဿနာ ရှိလဲ ကိုကို့ ကိုပဲ တိုင်ပင်မှာပဲ၊ နောက်ပြီးတော့ မီးတို့နဲ့ ဘယ်သွားသွား ဘာစားစား၊ ကိုကို့ အိတ်ထဲက တပြားမှ မထုတ်ရဘူး၊ အဲဒီ လို မထုတ်ရလို့လဲ မီးတို့နဲ့ ဘယ်မှမသွား ဘာမှမစားပဲလဲ မနေရဘူး၊ မီးတို့ ဘယ်သွားသွား ဘာလုပ်လုပ် ကိုကိုနဲ့ အမြဲသွားမယ်။ အဲဒါကိုလဲ ကိုကို လုံးဝ မငြင်းမဆန်ရဘူး . . .ဒါပဲ”

ကျွန်တော့် မျက်နှာ ကွက်ကနဲ ပျက်သွားသည်။

ဝတ်ထားသော တက်ထရွန် အကျႌ အဖြူရောင် ခပ်နွမ်းနွမ်းလေး၏ လက်ခေါက်ထားသော နေရာမှ အနားဖွာနေသော ချုပ်ရိုးကြောင်းလေး ဆီ အကြည့် ရောက်သွား၏ ။

*